**မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ လုပ်နည်းလုပ်ဟန်များ လေ့လာခြင်းစစ်တမ်း သင်တန်းဖွင့်လှစ်ခြင်း**

**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့**

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ လုပ်နည်းလုပ်ဟန်များ လေ့လာခြင်းစစ်တမ်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂) နေပြည်တော်၌ ၂၄-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းတွင် ဗဟိုစာရင်း အင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ၏ လုပ်နည်းလုပ်ဟန် များလေ့လာခြင်း စစ်တမ်းမေးခွန်းလွှာများအား အသေးစိတ် သေချာစွာနားလည်စေရန်နှင့် Kobo Toolbox Software ကို အသုံးပြု၍ မေးခွန်းလွှာများအား Tablet များဖြင့် လွယ်ကူချောမွေ့စွာ စစ်တမ်းကောက်ယူနိုင်စေရန်တို့ ဖြစ်ပါသည်။

သင်တန်းကို ဗဟိုစာရင်းအင်းအဖွဲ့နှင့် United Nations University World Institute for Development Economic Research (UNU-WIDER) တို့ပူးပေါင်း၍ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှ (၂၉) ရက်နေ့အထိ သင်တန်း ပို့ချသွားမည်ဖြစ်ပါသည်။ စစ်တမ်းကို မြန်မာနိုင်ငံ အတွင်းရှိ ရခိုင်ပြည်နယ်မှလွဲ၍ တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခု တွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁၀) ရက်နေ့မှ (၂၅) ရက်နေ့ထိ ကောက်ယူသွားမည် ဖြစ်ပါသည်။ ရှေ့ပြေးစစ်တမ်းကို ဖေဖော်ဝါရီလ(၂၇) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာစက်မှုဇုန်တွင် ကောက်ယူသွားမည်ဖြစ်ပါသည်။ သင်တန်းကို ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ် (၁၄) ခုတို့မှ ကြီးကြပ်သူနှင့် စာရင်းကောက်စုစုပေါင်း (၇၆) ဦး တက်ရောက်ခဲ့ကြပါသည်။



